## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ကြေညာချက်
## သွင်းကုန်အစားထိုးလုပ်ငန်းများအား ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ခြင်း

၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် အနေဖြင့် အောက်ပါ သွင်းကုန်အစားထိုး ကုန်ပစ္စည်း ထုတ်လုပ်မှုများတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ခွင့်ပြုမိန့်၊ အတည်ပြုမိန့်များ ဆောလျင်စွာရရှိစေရေး၊ လုပ်ငန်းအတွက် လိုအပ်သည့် မြေနေရာနှင့် လျှပ်စစ်မီး ရရှိရေးတို့အတွက် လိုအပ်သည်များ ကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ပါသဖြင့် လုပ်ငန်းရှင်များ အနေဖြင့် အဆိုပြုလွှာ၊ အတည်ပြုလျှောက်ထားလွှာ များ တင်ပြကြရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ဆက်စပ်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း
(ခ) လယ်ထွန်စက်နှင့် လယ်ယာနောက်တွဲယာဉ်များထုတ်လုပ်ခြင်းလုပ်ငန်း
(ဂ) တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများထုတ်လုပ်ခြင်းလုပ်ငန်း
(ဃ) စက်နှင့် စက်ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်း
(င) လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်း
(စ) သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း
(ဆ) ဓါတ်မြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်း
(ဇ) ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်း
(ဈ) စက္ကူများထုတ်လုပ်ခြင်းလုပ်ငန်း
(ည) ဓါတုဗေဒချည်ခင်များထုတ်လုပ်ခြင်းလုပ်ငန်း
(ဋ) စားသုံးဆီထုတ်လုပ်ခြင်းလုပ်ငန်း
(ဌ) ဆေးဝါးပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်း
(ဍ) အလှကုန်ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်း

၂။ အထက်ပါလုပ်ငန်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အဆိုပြုချက် နှင့် အတည်ပြုလျှောက်ထားလွှာများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလျှောက်ထားနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ် စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့
ဖုန်း-၀၁- ၆၅၈၁၃၂၊၀၁-၆၅၈၁၂၇၊၀၁-၆၅၈၁၂၈
ဖက်စ်-၀၁-၆၅၈၁၄၃
e-mail - dica@mptmail.net.mm